# တိုင်းရင်းဆေးမိသားစု သတင်းလွှာ

အမှတ်စဉ် - ၁

၂၀၁၆ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ

## မာတိကာ


- (ဧပြီလ)မှ(စက်တင်ဘာလ)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ ၂
- ဌာနဆိုင်ရာ ရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ၁၇
- မြန်မာ့တိုင်းရင်းဆေးပညာ အတွေးအခေါ် အယူအဆနှင့် ကုထုံးဆိုင်ရာ အရည်အသွေးမြှင့်သင်တန်း" အမှတ်စဉ်(၁/၂၀၁၆) ၁၉
- တိုင်းရင်းဆေးဝါးမှတ်ပုံတင် အသစ်တင်ခြင်းနှင့် ခွင့်ပြုခဲ့သော အုပ်စုဝင်များစာရင်း ၂၀
- နိုင်ငံပိုင်သတင်းစာများတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ အမည်စာရင်းထုတ်ပြန်ကြေညာခြင်း ၂၃
- စာနယ်ဇင်းများတွင် ပညာပေးရေးသားခြင်း၊ အသံလွှင့်ခြင်း ၂၈
- တိုင်းရင်းဆေးဝါးကြော်ငြာများ ၂၈
- ပြည်ပဧည့်သည်များနှင့်တွေ့ဆုံခြင်း ၂၉
- ပြည်ပခရီးစဉ် ၃၁


-------------------------

ရုံးအမှတ်(၄၇)၊
တိုင်းရင်းဆေးပညာဦးစီးဌာန၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

ဖုန်း - ၀၆၇ ၄၃၁၀၈၉၊ ၀၆၇ ၄၃၁၁၄၆
Website – www.dtm.gov.mm

## အမှာစာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီး ဌာနသည် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ရာတွင် ၂၀၁၆ ခုနှစ် အစိုးရသစ် တက်လာပြီးနောက်ပိုင်း ရက်(၁၀၀)အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်ချက်များ ချမှတ် ဆောင်ရွက်ရာတွင်လည်း ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အရာထမ်း/အမှုထမ်း ဝန်ထမ်းများ အားလုံးက ကျရာတာဝန်ကို အချိန်နှင့်တစ်ပြေးညီ ကျေပွန်စွာ အကောင်ထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အတွက် ရက်တစ်ရာ စီမံချက်ကို အောင်မြင်အောင် ဝိုင်းဝန်း အကောင်အထည်ဖော်ပေးကြတဲ့ ဝန်ထမ်းများအားလုံးအား အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

ယခင် ဖွံ့ဖြိုးရေးဌာနခွဲက ထုတ်ဝေလျက်ရှိသော "သင်သိလိုသမျှ တိုင်းရင်းဆေးကဏ္ဍ" စာစောင်အပြင် ယခု **"တိုင်းရင်းဆေးမိသားစု သတင်းလွှာ"** စာစောင်ကို တိုင်းရင်းဆေးပညာဦးစီးဌာနရှိ ဌာနခွဲများ၊ ရုံးများ၊ ဆေးရုံ၊ ဆေးခန်းများ၏ လှုပ်ရှားမှုများအား သိသာနိုင်ပါရန် ထပ်မံ ထုတ်ဝေလိုက်ပါသည်။ ဒီစာစောင်တွင် ဦးစီးဌာနရဲ့ လုပ်ဆောင်ချက်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဆေးရုံ၊ ဆေးခန်းများရဲ့ လှုပ်ရှားမှုများ၊ ပြည်ပလေ့လာရေး အစီအစဉ်များ၊ ပြည်ပဧည့်သည်များ လာရောက်တွေ့ဆုံမှု သတင်းများကို အချင်းချင်း အပြန်အလှန် သိရှိစေရန် ရည်ရွယ်ပြီး ဤသတင်းလွှာ စာစောင်ကို (၆)လ တစ်ကြိမ် ထုတ်ဝေ နိုင်အောင် မြို့နယ်တိုင်းရင်းဆေးကုဌာန တွေအထိ ရောက်ရှိ ဖြန့်ဝေ နိုင်အောင် ကြိုးစား နေကြပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ ဌာနခွဲများနှင့် ဆေးရုံ၊ ဆေးခန်း အသီးသီးတွင် တာဝန်ယူနေကြသော ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် မြန်မာပြည်သူလူထုရဲ့ ကျန်းမာရေးကို အကောင်းဆုံးပြုစု စောင့်ရှောက် ကုသပေးနိုင်ကြရန်နှင့် မြန်မာ့တိုင်းရင်းဆေးအခွန့်ရှည်တည်တံ့ခိုင်မြဲပြီး စနစ်တကျ တဆင့်ချင်းစီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒမွန်ဖြင့် ---

ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန

## (ဧပြီလ၊ မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ)
## အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ

### နေပြည်တော် ကောင်စီနယ်မြေ (ဧပြီလမှ စက်တင်ဘာလတွင်း)
### ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

နေပြည်တော်တိုင်းဦးစီးဌာနမှူးရုံးအတွင်းရှိ ဒက္ခိဏခရိုင်နှင့်၊ လယ်ဝေး၊ အေလာ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ၊စာသင်ကျောင်းများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၇၇) ကြိမ်၊ လူနာစုစုပေါင်း (၅၃၁၈) ဦး အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ရာသီအလိုက်ဖြစ်တတ်သောရောဂါများ အကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြော ခဲ့ပါသည်။

နေပြည်တော်ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံကြီးမှ ကွင်းဆင်းကုသရေးအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၈) ကြိမ်၊ လူနာပေါင်း (၆၁၄) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ရာသီအလိုက် ဖြစ်တတ်သော ရောဂါများအကြောင်းတို့ကို ကျန်းမာရေး အသိပညာပေးဟောပြော ပို့ချပေး ခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် နေပြည်တော်ခုတင် (၁၀၀) ဆံ့တိုင်းရင်းဆေးရုံကြီးတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါအကြောင်း၊ ဇွန်လတွင် ဆီးချို ရောဂါအကြောင်း၊ ဇူလိုင်လတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၄.၈.၂၀၁၆) ရက်မှ ( ၈.၈.၂၀၁၆) ရက်နေ့အထိ နေပြည်တော် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး ဒက္ခိဏခရိုင်တွင် ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာ ဘာသာရပ် သင်တန်းကို (၁၇.၈.၂၀၁၆) ရက်နေ့မှ (၁၈.၈.၂၀၁၆) ရက်နေ့ထိ နေပြည်တော်ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံတွင် သင်ကြားပို့ချပေးခဲ့သည်။



ဒက္ခိဏခရိုင်၊ တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဟောပြောနေပုံ



လယ်ဝေးမြို့နယ်၊ တိုင်းရင်းဆေးကုဌာနမှ ကျေးရွာအတွင်းရှိ ကျောင်းများတွင် ကျောင်းကျန်းမာရေးအကြောင်း ဟောပြောနေပုံ

## ကချင်ပြည်နယ် (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဟိုပင်၊ ဖားကန့်၊ ပူတာအို မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၉၉) ကြိမ်၊ လူနာစုစုပေါင်း (၇၈၁၁) ဦးအား တိုင်းရင်း ဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မီးဖိုချောင်သုံးဆေးဖက်ဝင်အပင်များအကြောင်း၊ သက်ရှည်ကျန်းမာရေးအတွက် ဆောင်ရန် ရှောင်ရန်အချက်များ၊ ဆေးဖက်ဝင်ခန်းတောက်မြစ်အကြောင်းနှင့် ရာသီအလိုက် ဖြစ်တတ် သောရောဂါများ အကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ပါသည်။

ခုတင် (၅၀) ဆံ့ မြစ်ကြီးနားတိုင်းရင်းဆေးရုံ ၊ ခုတင် (၁၆) ဆံ့ မိုးကောင်းတိုင်းရင်းဆေးရုံတို့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၁၁) ကြိမ်၊ လူနာပေါင်း (၁၁၇၉) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆီးချိုရောဂါအကြောင်း၊ ဂမ်းပျက်ဝမ်းလျှော ရောဂါများအကြောင်းတို့ကို ကျန်းမာရေး အသိပညာပေးဟောပြော ပို့ချပေး ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါ အကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါအကြောင်း တို့ကို ဟောပြော ဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွားသင်တန်းကို (၉.၇.၂၀၁၆) ရက်နေ့တွင် မြစ်ကြီးနားတိုင်းရင်းဆေးရုံ၊ (၁၀.၇.၂၀၁၆) ရက်နေ့တွင် မိုးကောင်းတိုင်းရင်းဆေးရုံ နှင့် (၂၆. ၇.၂၀၁၆) ရက်နေ့တွင် ဗန်းမော်ခရိုင်တို့၌ ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာဘာသာရပ်ဆင့်ပွား သင်တန်းကို (၁၆.၁၁.၂၀၁၅) ရက်နေ့တွင် မြစ်ကြီးနားတိုင်းရင်းဆေးရုံ၌ သင်ကြား ပို့ချပေးခဲ့သည်။

|  |  |
| --- | --- |
| မိုးကောင်းမြို့နယ်၊ တိုင်းရင်းဆေးကုဌာနမှ သက်ရှည်ကျန်းမာရေးအတွက် ဆောင်ရန်/ရှောင်ရန်များ အကြောင်းကို ဟောပြောဆွေးနွေးနေပုံ | ဖားကန့်မြို့နယ်၊ တိုင်းရင်းဆေးကုဌာနမှ အယ်နီညို-အယ်နီလာ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောအရောဂါများအကြောင်းကို ဟောပြောဆွေးနွေးနေပုံ |

**ကယားပြည်နယ် (ဧပြီလမှ စက်တင်ဘာလတွင်း)**
**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်၊ ဒီမောဆို၊ ဖရူးဆို၊ ဘော်လခဲ၊ ဖားဆောင်း မြို့နယ်အတွင်းရှိ မြို့နယတိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေး ဟောပြောခြင်း စုစုပေါင်း (၅၂) ကြိမ်၊ လူနာစုစုပေါင်း (၂၂၃၈) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ သိသင့်သိထိုက်သောတိုင်းရင်းဆေးပညာ၊ တကိုယ်ရေ ကျန်းမာရေး လူတိုင်းအစဉ်သတိပြု၊ ဒေသပေါက်ဆေးဖက် ဝင်အပင်များ၊ မီးဖိုချောင်သုံးဆေးပစ္စည်းများအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြော ခဲ့ပါသည်။

ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံလွိုင်ကော်၊ ခုတင်(၁၆) ဆံ့တိုင်းရင်းဆေးရုံ ဒီမောဆို တို့သည် မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၆) ကြိမ်၊ လူနာပေါင်း (၁၈၄၁) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မီးဖိုချောင်သုံးဆေးဖက်ဝင်အပင်များ (မြင်းခွာ၊ ရဲရိုး၊ ကြိတ်မှန်)၊ မိုးရာသီတွင်ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းတို့ကို ကျန်းမာရေးအသိ ပညာပေးဟောပြော ပို့ချပေး ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါအကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် အဆစ်ရောင်ရောဝါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်း ရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေး ခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၆. ၈၂၀၁၆) ရက်မှ ( ၇.၈.၂၀၁၆) ရက်နေ့အထိ ကယားပြည်နယ်ဦးစီးဌာနမှူးရုံးတွင် ပြန်လည်ပို့ချခဲ့ပါသည်။



ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ် တိုင်းရင်းဆေးကုဌာနသည် အစာလည်းဆေး-ဆေးလည်းအစာ ၊ တိုင်းရင်းဆေးဖြင့်ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း၊ ဒေသပေါက်ဆေးပင်များအကြောင်း ကို ဟောပြောဆွေးနွေးနေပုံ



ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် တိုင်းရင်းဆေးကုဌာနသည် သွေးတိုးရောဂါအကြောင်း ကို ဟောပြောဆွေးနွေးနေပုံ

## ကရင်ပြည်နယ် (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ မြိုင်ကြီးငူ၊ သံတောင်၊ ဖာပွန်၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ တရားစခန်း များနှင့် အမှတ် (၉၁၅) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၆၄) ကြိမ်၊ လူနာစုစုပေါင်း (၃၆၇၄) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ဒေသပေါက် ဆေးဖက်ဝင်အပင်များ၊ မီးဖိုချောင်သုံးဆေးဖက်ဝင်အပင်များ အကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ ပါသည်။

ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံ ဘားအံ့ မှ  မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၇) ကြိမ်၊ လူနာပေါင်း (၄၆၇) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အပူလွန်ရောဂါများ၊ ဥတုရာသီအလိုက်ဖြစ်တတ်သောရောဂါများအကြောင်း၊  မီးဖိုချောင်သုံး ဆေးဖက်ဂင်အပင်များအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေးဟောပြော ပို့ချပေး ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါ အကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ဂမ်းပျက်ဂမ်းလျှောရောဂါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၂၅. ၇.၂၀၁၆) ရက်မှ ( ၂၆.၇.၂၀၁၆) ရက်နေ့အထိ ကရင်ပြည်နယ် ဦးစီးဌာနမှူးရုံး တွင် ပြန်လည်ပို့ချခဲ့ပါသည်။



ဘားအံမြို့နယ် တိုင်းရင်းဆေးကုဌာနသည်
ကျောင်းကျန်းမာရေးလုပ်ငန်းများ
ဆောင်ရွက်နေပုံ



ဘားအံမြို့နယ် တိုင်းရင်းဆေးကုဌာနသည်
ရာသီဥတုအရ အပူလွန်ရောဂါများအကြောင်းနှင့်
ဥတုရာသီအလိုက်ဖြစ်တတ်သောရောဂါများအကြောင်းကို
ဟောပြောဆွေးနွေးနေပုံ

## ချင်းပြည်နယ် (ဧပြီလမှ စက်တင်ဘာလတွင်း )
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ တွန်းဇံ၊ မတူပီ၊ ကန်ပက်လက် မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၄၇) ကြိမ်၊ လူနာစုစုပေါင်း (၂၇၃၆) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံတိုင်းရင်းဆေးပညာအကြောင်း၊ ဒေသပေါက်ဆေးပင်များ အကြောင်း တို့ကို ကျန်းမာရေးအသိပညာပေး ဟောပြော ခဲ့ပါသည်။

ခုတင်(၁၆)ဆံ့တိုင်းရင်းဆေးရုံ ဟားခါး မှ မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေး ကုသ ခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၁၆)ကြိမ်၊ လူနာပေါင်း (၅၈၂)ယောက်အား တိုင်းရင်းဆေးဖြင့်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အပူလွန်ရောဂါများ၊ သွေးတိုးရောဂါနှင့် ဆေးဖက်ဝင်အပင်များအကြောင်း၊ ဆီးချိုရောဂါနှင့် ဆေးဖက်ဝင်အပင်များအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေးဟောပြော ပို့ချပေး ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါနှင့် ဆေးဖက်ဝင်အပင်များအကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ငှက်ဖျားရောဂါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း နှင့် စက်တင်ဘာလတွင် ဝမ်းကိုက်ရောဂါအကြောင်းတို့ကို ဟောပြော ဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၂. ၇.၂၀၁၆) ရက်မှ ( ၆.၇.၂၀၁၆) ရက်နေ့အထိ ချင်းပြည်နယ် ဦးစီးဌာနမှူးရုံး တွင် ပြန်လည်ပို့ချခဲ့ပါသည်။






ကျေးရွာများတွင် ကွင်းဆင်းဆေးကုသခြင်းနှင့်
အခြေခံတိုင်းရင်းဆေးပညာ အကြောင်း ဟောပြောဆွေးနွေးနေပုံ

## မွန်ပြည်နယ် (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ သိမ်ဆိပ်၊ ပေါင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ သထုံ၊ သုဝဏ္ဏ၊ ကျိုက်ထို၊ ဘီးလင်း မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၉၈) ကြိမ်၊ လူနာစုစုပေါင်း (၂၀၃၃၁) ဦး အား တိုင်းရင်းဆေးဖြင့်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အခြေခံတိုင်းရင်းဆေးပညာ၊ ရာသီဥတုအလိုက် ဖြစ်တတ် သောရောဂါများ၊ မီးဖိုချောင်သုံး ဆေးပစ္စည်းများနှင့် ဒေသပေါက်ဆေးဖက်ဝင်ပစ္စည်းများ အခြေခံတိုင်းရင်းဆေးပညာ အကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြော ခဲ့ပါသည်။

ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံမော်လမြိုင်၊ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံသထုံတို့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၂၈) ကြိမ်၊ လူနာပေါင်း (၃၄၆၄) ယောက် အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံတိုင်းရင်းဆေးပညာနှင့် ဒေသပေါက်ဆေးဖက်ဝင် အပင်များအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေးဟောပြော ပို့ချခဲ့ပါသည်။

စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါ အကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ဂမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွားသင်တန်း နှင့် သွေးစမ်းပညာ ဘာသာရပ်ဆင့်ပွားသင်တန်းကို (၂၄.၇.၂၀၁၆) ရက်နေ့တွင် မော်လမြိုင်တိုင်းရင်းဆေးရုံ၌ ပြန်လည် ပို့ချခဲ့ပါသည်။



မီးဖိုချောင်သုံးဆေးပစ္စည်းများနှင့် ဒေသပေါက်
ဆေးဖက်ဝင်အပင်များအကြောင်း
ဆွေးနွေးဟောပြောနေပုံ



အခြေခံ တိုင်းရင်းဆေးပညာ အကြောင်း၊
ရာသီဥတုအလိုက်ဖြစ်တတ်သော ရောဂါများ နှင့်
ဆေးဖက်ဝင်အပင်များအကြောင်း ဆွေးနွေးဟောပြောနေပုံ

## ရခိုင်ပြည်နယ် (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ရခိုင်ပြည်နယ်အတွင်းရှိ  စစ်တွေ၊ တော်ကုတ်၊ မာန်အောင်၊ သံတွဲ၊ မြောက်ဦး၊ အမ်း၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲမြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၁၀၅) ကြိမ်၊ လူနာစုစုပေါင်း (၃၁၀၀) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်ခြင်း၊ အခြေခံတိုင်းရင်းဆေးပညာအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ပါသည်။

| | |
|---|---|
|  |  |
| တိုင်းရင်းဆေးဖြင့်<br>ကျန်းမာရေးအသိပညာပေး ဟောပြောနေပုံ | တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်းနှင့်<br>ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေပုံ |

အာဂန္တုက-ချောင်းဆိုး၊ နှာစေး၊ တုပ်ကွေး၊ ဖျားတဲ့ အခါမှာ၊  တိုင်းရင်းဆေးမြီးတို၊ ဆေးဖက်ဝင်အပင်တစ်မျိုးကို သူပြော ငါပြောသုံးစွဲကြည့်တာ  မပြောပလောက်ပေမယ့်----------

နာတာရှည်၊ အသည်း၊ အဆုတ်စတဲ့ ရောဂါတွေ အတွက်ကတော့ ဆေးမြီးတိုကို မိမိသဘောနဲ့ သူပြော ငါပြောသောက်တာကို ဆင်ခြင်သင့်ပါတယ်------

မိမိမှာခံစားနေရတဲ့ ဝေဒနာအပြင် နောက်ဆက်တွဲ ရောဂါ လက္ခဏာ တွေလည်း ရှိနိုင်တဲ့ အတွက် တတ်ကျွမ်းနားလည်တဲ့ တိုင်းရင်းဆေးပညာရှင်များနဲ့ ဆွေးနွေးတိုင်ပင် သုံးစွဲသင့်ပါတယ်။

## ရှမ်းပြည်နယ် (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ ရပ်စောက်၊ အောင်ပန်း၊ မိုးနဲ၊ ပင်းတယ၊ ကွန်ဟိန်း၊ နောင်ချို၊ သိန္နီ၊ တာချီလိတ်၊ ကျိုင်းတုံ၊ သီပေါ၊ မူဆယ်၊ မဘိမ်း၊ ကွတ်ခိုင်၊ ညောင်ရွှေ၊ မိုင်းယောင်း၊ လွိုင်လင်၊ ပင်လုံ၊ လဲချား၊ နမ့်စန် မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများ၊ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟော ပြောခြင်း စုစုပေါင်း (၄၃၉) ကြိမ်၊ လူနာစုစုပေါင်း (၂၁၅၈၄) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒေသပေါက်ဆေးဖက်ဝင်အပင်များ၊ သွေးတိုးရောဂါ၊ အနာပေါက် ရောဂါအကြောင်းတို့ကို ကျန်းမာရေးအသိပညာပေးဟောပြော ခဲ့ပါသည်။

ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံ အေးသာယာမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၁၈) ကြိမ်၊ လူနာပေါင်း (၂၈၅၁) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောပို့ချခြင်းတို့ ဆောင်ရွက်ခဲ့ ပါ သည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါ အကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ဂမ်းပျက်ဂမ်းလျှောရောဂါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၂၅. ၅.၂၀၁၆) ရှမ်းပြည်နယ်ဦးစီးဌာနမှူးရုံးတွင် ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာဘာသာရပ်ဆင့်ပွား သင်တန်းကို (၈.၈.၂၀၁၆) ရက်နေ့မှ (၁၁.၈.၂၀၁၆) ရက်နေ့ထိ အေးသာယာ တိုင်းရင်းဆေးရုံတွင် သင်ကြား ပို့ချပေးခဲ့သည်။

| | |
|---|---|
|  |  |
| တိုင်းရင်းဆေးဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေပုံ | တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေပုံ |

==================================

## တနင်္သာရီတိုင်း (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

တနင်္သာရီတိုင်းအတွင်းရှိ မြိတ်၊ ပုလော၊ ကော့သောင်း၊ တနင်္သာရီ၊ ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်း ခရိုင်၊မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၅၇) ကြိမ်၊ လူနာစုစုပေါင်း (၂၉၅၅) ဦးအား တိုင်းရင်း ဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သွေးတိုးရောဂါ၊ မိုးရာသီနှင့် တုပ်ကွေးရောဂါ၊ ဥတုအလိုက်ဖြစ်တတ်သော ရောဂါများ အကြောင်းတို့ကို ကျန်းမာရေး အသိပညာပေး ဟောပြော ခဲ့ပါသည်။

ခုတင်(၂၅)ဆံ့တိုင်းရင်းဆေးရုံမြိတ်မှ မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၆) ကြိမ်၊ လူနာပေါင်း (၉၁) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေးဟောပြော ပို့ချခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါ အကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် အအေးမိနှာစေးချောင်းဆိုးရောဂါအကြောင်း၊ ဩဂုတ်လတွင် ဂမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းရက်တိုဆင့်ပွား သင်တန်းကို (၃၁.၅.၂၀၁၆) ရက်နေ့ တွင် မြိတ်ခရိုင်၊ (၉.၇.၂၀၁၆) ရက်နေ့တွင် ထားဝယ်ခရိုင်နှင့် (၉.၇၂၀၁၆) ရက်နေ့မှ (၁၀.၇.၂၀၁၆) ရက်နေ့ထိ မြိတ်တိုင်းရင်းဆေးရုံတွင် ပြန်လည်ပို့ချခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံသည် ရက် (၁၀၀) စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်သည့် အနေဖြင့် (၂၉-၅-၂၀၁၆) ရက်နေ့တွင် သွေးတိုးရောဂါ အကြောင်းတို့ကို ဟောပြော ဆွေးနွေး ပို့ချ နိုင်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သည် ရက်(၁၀၀) စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် (၃၀-၆-၂၀၁၆) ရက်နေ့ တွင် ဆီးချိုရောဂါအကြောင်း၊ (၇-၇-၂၀၁၆) ရက်နေ့တွင် အအေးမိနှာစေး-ချောင်းဆိုးရောဂါ အကြောင်း တို့ကို ဟောပြောဆွေးနွေးပို့ချ နိုင်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ သည် ရက်(၁၀၀) စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်သည့် အနေဖြင့် (၁၄-၇-၂၀၁၆) ရက်နေ့တွင် အခြေခံ တိုင်းရင်းဆေး ပညာပေး အကြောင်းတို့ကို လူဦးရေ စုစုပေါင်း (၆၃၈)ဦး တို့အား ဟောပြော ဆွေးနွေးပို့ချ နိုင်ခဲ့ပါသည်။





တိုင်းရင်းဆေးဖြင့်
ကျောင်းများတွင် ကျန်းမာရေးအသိပညာပေး ဟောပြောနေပုံ

တိုင်းရင်းဆေးဖြင့် အအေးမိနှာစေး-ချောင်းဆိုးရောဂါ နှင့်
ဆီးချိုရောဂါအကြောင်းဟောပြောနေပုံ

## ဧရာဝတီတိုင်း (ဧပြီလမှ စက်တင်ဘာလတွင်း)

## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ ဝါးခယ်မ၊ မြန်အောင်၊ ကျုံပျော်၊ ကျိုက်လတ်၊ သာပေါင်း၊ ကံကြီးဒေါင့်၊ ကျောင်းကုန်း၊ ငပုတော၊ ရေကြည်၊ ဟသ်ာတ၊ ကြံခင်း၊ ထူးကြီး(အင်္ဂပူ)၊ လေးမျက်နှာ၊ ဇလွန်၊ မြောင်းမြ၊ အိမ်မဲ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ မအူပင်၊ ဓနုဖြူ၊ ပန်းတနော်၊ ညောင်တုန်း၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၅၁၈) ကြိမ်၊ လူနာစုစုပေါင်း (၃၀၇၁၅) ဦးအားတိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ဒေသပေါက်ဆေးဖက်ဝင်အပင်များ အကြောင်းတို့ကို ကျန်းမာရေးအသိပညာပေး ဟောပြော ခဲ့ပါသည်။

ခုတင် (၁၆) ဆံ့တိုင်းရင်းဆေးရုံ ပုသိမ်မှ မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၂၃) ကြိမ်၊ လူနာပေါင်း (၁၃၂၃) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေးဟောပြော ပို့ချခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါအကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ဂမ်းပျက်ဂမ်းလျှောရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၃၀.၇.၂၀၁၆) ရက်နေ့မှ (၃၁.၇.၂၀၁၆) ရက်နေ့ထိ ပုသိမ်တိုင်းရင်းဆေးရုံတွင် ပြန်လည်ပို့ချခဲ့ပါသည်။





ကျေးရွာများတွင် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောနေပုံ

**မကွေးတိုင်း (ဧပြီလမှ စက်တင်ဘာလတွင်း)**

**ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ**

မကွေးတိုင်းအတွင်းရှိ မကွေး၊ မိချောင်းရဲ၊ မြို့သစ်၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ထီးလင်း ၊ ဂန့်ဂေါ၊ ဆော၊ သရက်ခရိုင်၊ မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း ဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၇၂) ကြိမ်၊ လူနာစုစုပေါင်း (၁၉၄၆၅) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေးဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြော ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။

ခုတင် (၅၀) ဆံ့တိုင်းရင်းဆေးရုံ မကွေးမှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၁၃) ကြိမ်၊ လူနာပေါင်း (၁၆၇၉) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောပို့ချခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါအကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၃၀.၇.၂၀၁၆) ရက်နေ့မှ (၃၁.၇.၂၀၁၆) ရက်နေ့ထိ မကွေးတိုင်းရင်းဆေးရုံတွင် ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာဘာသာရပ်ဆင့်ပွားသင်တန်းကို (၉.၁၁.၂၀၁၅) ရက်နေ့တွင် မကွေးတိုင်းရင်းဆေးရုံ၌ သင်ကြားပို့ချပေးခဲ့သည်။



တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေပုံ



တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေပုံ

## စစ်ကိုင်းတိုင်း (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

စစ်ကိုင်းတိုင်းအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ကသာ၊ ကလေး၊ ချောင်းဦး၊ ယင်းမာပင်၊ တမူး၊ ရွှေဘို၊ မြင်းမူ၊ ရေဦး၊ ကြေးမုံ၊ ကောလင်း၊ ကန့်ဘလူ၊ အရာတော်၊ ရွာသစ်ကြီး၊ မြောင်၊ ပုလဲ၊ ပင်လယ်ဘူး၊ ဆားလင်းကြီး၊ တန့်ဆည်၊ ဘုတလင်၊ ဟုမ္မလင်း၊ မင်းကွန်း မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၂၂) ကြိမ်၊ လူနာစုစုပေါင်း (၂၂၇၂၉) ဦးအား တိုင်းရင်းဆေးဖြင့်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာ ရေးအသိပညာပေးဟောပြောခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ မုံရွာ၊ ခုတင်(၂၅)ဆံ့တိုင်းရင်းဆေးရုံ ရွှေဘို၊ ခုတင်(၁၆)ဆံ့တိုင်းရင်းဆေးရုံ မြင်းမူ၊ မင်းကွန်းတို့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၈၃) ကြိမ်၊ လူနာပေါင်း (၄၁၁၇) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့် ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြော ပို့ချခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် အသည်းတွင်စွဲကပ်သည့် အနာရောဂါအကြောင်း၊ ဇွန်လတွင် ကြိတ်မှန်ပင်နှင့် သြဇာပင်တို့၏ ဆေးဖက်အသုံးဝင်ပုံအကြောင်း၊ သြဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်းနှင့် စက်တင်ဘာလတွင် မြန်မာ့ဆေးဖက်အပင်များအားစစ်မှန်သော မျိုးစေ့ခွဲခြားခြင်းနှင့် စနစ်တကျလေ့လာသုံးသပ်ခြင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၇.၇.၂၀၁၆) ရက်နေ့မှ (၈.၇.၂၀၁၆) ရက်နေ့ထိ မုံရွာတိုင်းရင်းဆေးရုံတွင် ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာ ဘာသာရပ် ဆင့်ပွားသင်တန်းပို့ချခြင်းကို (၁၂.၈.၂၀၁၆) ရက်နေ့တွင် မုံရွာတိုင်းရင်းဆေးရုံတွင် ပို့ချပေးခဲ့သည်။

(၆.၆၂၀၁၆)ရက်နေ့တွင် ဝက်လက်မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် (၃၀.၆.၂၀၁၆) ရက်နေ့တွင် တမူးမြို့နယ် တိုင်းရင်းဆေးကုဌာနတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။




စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့ တွင် တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်နေပုံ



တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေပုံ

## မန္တလေးတိုင်း (ဧပြီလမှ စက်တင်ဘာလတွင်း)

## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

မန္တလေးတိုင်းအတွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ကူမဲ၊ မြင်းခြံ၊ ပြင်ဦးလွင်၊ မလှိုင်၊ ပုသိမ်ကြီး၊ တောင်သာ၊ ပျော်ဘွယ်၊ မြစ်သား၊ သာစည်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ သပိတ်ကျင်း၊ မိုးကုတ်၊ မတ္တရာ၊ သဲတော(ဝမ်းတွင်း)၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်း၊ ညောင်ဦးမြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်း များသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၁၀၉၄) ကြိမ်၊ လူနာစုစုပေါင်း (၄၇၅၄၁) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော ခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ မန္တလေး၊ ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ မုံရွာ၊ ခုတင်(၂၅)ဆံ့တိုင်းရင်းဆေးရုံ ကျောက်ဆည်တို့သည် မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၇)ကြိမ်၊ လူနာပေါင်း (၁၇၉၀) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါ ၊ ဇွန်လတွင် ဆီးချိုရောဂါ ၊ ဇူလိုင်လတွင် ဂမ်းပျက်ဂမ်းလျှောရောဂါ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါ စက်တင်ဘာလတွင် လေငန်း ရောဂါ အကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၈.၈.၂၀၁၆) မှ (၉.၈.၂၀၁၆)ရက်နေ့တွင် မန္တလေးတိုင်းဦးစီးဌာနမှူးရုံးတွင် ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာ ဘာသာရပ် ဆင့်ပွားသင်တန်းပို့ချခြင်းကို (၅.၉.၂၀၁၆)ရက်နေ့မှ (၉.၉.၂၀၁၆)ရက်နေ့ထိ မန္တလေး တိုင်းရင်းဆေးရုံတွင် သင်ကြားပို့ချပေးခဲ့သည်။

ဆေးဖက်ဝင်အပင်များဖြင့် ရှေးဦးကုသခြင်းသင်တန်းကို (၁၂.၈.၂၀၁၆)ရက်နေ့တွင် တပ်မတော်နည်းပညာ တက္ကသိုလ်ပြင်ဦးလွင်တွင် ပို့ချပေးခဲ့သည်။



တတိယအကြိမ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကုထုံး/အတွေ့အကြုံဟောပြောပွဲ ကျင်းပနေပုံ



C.T.M.E. ပညာပေး ဟောပြော ခြင်းတွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် ဝမ်းပျက် ဝမ်းလျှောရောဂါ အကြောင်း တို့ကို ဟောပြော ဆွေးနွေးနေပုံ

## ပဲခူးတိုင်း (ဧပြီလမှ စက်တင်ဘာလတွင်း)

## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ပဲခူးတိုင်းအတွင်းရှိ ပဲခူး၊ ရေတာရှည်၊ ပေါင်းတည်၊ ရွှေတောင်၊ နတ္တလင်း၊ အုတ်ဖို၊ သာယာဝတီ၊ ပေါက်ခေါင်း၊ ကြို့ပင်ကောက်၊ မင်းလှ၊ စစ်ကွင်း၊ သဲကုန်း၊ ပေါင်းတလည်၊ ပန်းတောင်း၊ သနပ်ပင်၊ ရွှေကျင်၊ ဇီးကုန်း၊ ပြည်၊ ရွှေတောင်၊ ကျောက်ကြီး၊ ဂက်ထီးကန်၊ ပဲနွယ်ကုန်း၊ ကျောက်ကြီး၊ ညောင်လေးပင်၊ ဖြူးမြို့နယ်အတွင်းရှိ မြို့နယ် တိုင်းရင်းဆေး ကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၈၂၈) ကြိမ်၊ လူနာစုစုပေါင်း (၁၉၃၆၁) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံ ပဲခူး၊ ခုတင်(၂၅)ဆံ့တိုင်းရင်းဆေးရုံ ပြည်တို့မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေး ကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၂) ကြိမ်၊ လူနာပေါင်း (၂၀၉၄) ယောက် အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂါ အကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါအကြောင်း၊ ဇူလိုင်လတွင် ဂမ်းပျက်ဂမ်းလျှောရောဂါ အကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါ အကြောင်း၊ စက်တင်ဘာလ တွင် လေငန်းရောဂါအကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို (၄.၈.၂၀၁၆)ရက်နေ့မှ (၅.၈.၂၀၁၆)နေ့ထိ ပဲခူးတိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူးရုံးတွင် ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာဘာသာရပ် ဆင့်ပွားသင်တန်းပို့ချခြင်းကို (၁၉.၈.၂၀၁၆) ရက်နေ့မှ (၂၁.၈.၂၀၁၆)ရက်နေ့ထိ ပဲခူး တိုင်းဦးစီးဌာနမှူးရုံးတွင် သင်ကြားပို့ချပေးခဲ့သည်။



တိုင်းရင်းဆေးဖြင့် ကျောင်းကျန်းမာရေး အသိပေး ဟောပြောနေပုံ



တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောနေပုံ

## ရန်ကုန်တိုင်း (ဧပြီလမှ စက်တင်ဘာလတွင်း)
## ကွင်းဆင်းဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်းနှင့် CTME အစီအစဉ် ဆောင်ရွက်ချက်များ

ရန်ကုန်တိုင်းအတွင်းရှိ တောင်ဥက္ကလာ၊ မြောက် ဥက္ကလာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မြောက်ဒဂုံ၊ တွံတေး၊ တံတား၊ ကွမ်းခြံကုန်း၊ ထန်းတပင်၊ ရွှေပြည်သာ၊ အလုံ၊ လှည်းကူး၊ သာကေတ၊ လှိုင်သာယာ၊ ဖောင်ကြီး၊ ဥက္ကံ(တိုက်ကြီး)၊ သန်လျင်၊ ကျောက်တန်း၊ဒလ မြို့နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် ဧပြီလမှ စက်တင်ဘာလအတွင်း မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၃၂၆) ကြိမ်၊ လူနာစုစုပေါင်း (၁၀၆၄၁) ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာ ရေး အသိပညာပေး ဟောပြောခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ ရန်ကုန်မှ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆေးကုသခြင်းနှင့် ပညာပေးဟောပြောခြင်း စုစုပေါင်း (၂၄) ကြိမ်၊ လူနာပေါင်း (၇၁၂) ယောက်အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြော ပို့ချခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။

စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးရေးအစီအစဉ် CTME အား ၂၀၁၆ ခုနှစ် မေလတွင် သွေးတိုးရောဂအကြောင်း၊ ဇွန်လတွင် ဆီးချိုရောဂါ အကြောင်း၊ ဇူလိုင်လတွင် ဂမ်းပျက်ဂမ်းလျှောရောဂါ အကြောင်း၊ ဩဂုတ်လတွင် ဝမ်းကိုက်ရောဂါအကြောင်း၊ စက်တင်ဘာလတွင် လေငန်းရောဂါ အကြောင်း တို့ကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း ရက်တိုဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၂၀၁၆) (၆.၈.၂၀၁၆) ရက်နေ့မှ (၇.၈.၂၀၁၆) ရက်ထိ နှင့် (၂/၂၀၁၆) ကို (၁၃.၈.၂၀၁၆) မှ (၁၄.၈.၂၀၁၆) ရက်နေ့ထိ ရန်ကုန်တိုင်းရင်းဆေးရုံကြီးတွင် ပြန်လည်ပို့ချခဲ့ပါသည်။

သွေးစမ်းပညာဘာသာရပ် ဆင့်ပွားသင်တန်းပို့ချခြင်းကို (၂၉.၈.၂၀၁၆) ရက်နေ့မှ (၃၁.၈.၂၀၁၆) ရက်နေ့ထိ ရန်ကုန်တိုင်းရင်းဆေးရုံကြီးတွင်သင်ကြားပို့ချပေးခဲ့သည်။



တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေပုံ



တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေပုံ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတို့တွင် ၂၀၁၆ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအတွင်းကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေး အစီအစဉ် (၆၈)ကြိမ်၊ ကွင်းဆင်းဆေးကုသခြင်းနှင့် တိုင်းရင်းဆေးအသိပညာပေး ဟောပြောခြင်း (၅၁၀၁) ကြိမ်၊ ကွင်းဆင်းကုသပေးခဲ့သည့် လူနာစုစုပေါင်း (၂၄၂၈၈၅) ဦး တို့ကိုပြုလုပ်ပေးခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါသည်။

# ဌာနဆိုင်ရာ ရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၁၆)





ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ရက်တို သင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို အမျိုးသားပရဆေး ဥယျာဉ်၊ နေပြည်တော် တွင် (၁၈-၅-၂၀၁၆) ရက်နေ့မှ (၂၁-၅-၂၀၁၆) ရက်နေ့ အထိ အောင်မြင်စွာပြုလုပ်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ငွေထုတ်သူအရာရှိစုစုပေါင်း (၉၁)ဦးတက်ရောက်ခဲ့ကြပါသည်။

အဆိုပါ သင်တန်းတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က ဝန်ထမ်းကျင့်ဝတ်၊ ဌာနဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များအကြောင်းပို့ချခြင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအကြောင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်းနှင့် ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများအား ကျဘန်းကောက်ယူ စစ်ဆေးခြင်း (PMS) အကြောင်းပို့ချခြင်း၊ ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး) ဌာနခွဲမှ ဦးမြင့်အောင်က တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကုသရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပို့ချခြင်း၊ ညွှန်ကြားရေးမှူး(ကုသရေး)ဌာနခွဲမှ ဦးမြင့်ဦးက လူနာလချုပ်နှင့် ဆေးလချုပ်ပုံစံများအကြောင်းပို့ချခြင်း၊ ဒုတိယ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)ဌာနခွဲမှ ဒေါ်တင့်တင့်ခိုင်က ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ဒုတိယညွှန်ကြားရေးမှူး (သုတေသန)ဌာနစိတ်မှ ဒေါ်ဆွေဆွေက သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ဖွံ့ဖြိုးရေး)ဌာနစိတ်မှ ဒေါက်တာသိန်းဇော်လင်းက ဖွံ့ဖြိုးရေးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သော တိမ်မြုပ် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရှေးဆေးကျမ်း ပေ၊ ပုရပိုက်များထဲမှ ဆေးနည်းကုထုံးများ ရှာဖွေခြင်း လုပ်ငန်းများ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းနှင့်ပတ်သက်သော အခြေခံတိုင်းရင်းဆေးပညာ ပေးသင်တန်းများ၊ အသံလွှင့်ခြင်းနှင့် ရုပ်မြင်သံကြားတို့မှ ပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ပြတိုက် လုပ်ငန်းများ၊ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာပေးခြင်းလုပ်ငန်းများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် သုတေသန စာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းလုပ်ငန်းများအကြောင်း၊ လ/ထညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)ဌာနခွဲမှဒေါ်စန်းမြသော်တာက ခွင့်ခံစားခြင်းအကြောင်းနှင့် လ/ထညွှန်ကြားရေးမှူး (စီမံ)ဌာနခွဲမှ ဦးချိုပြုံးသွင်က ရုံးစာရေးသားနည်းနှင့် ရုံးလုပ်ငန်း သဘောတရားများကို ပို့ချခဲ့ပါသည်။

သင်တန်းအပြီးတွင် အရည်အချင်းဆန်းစစ်စာမေးပွဲကို ပြုလုပ်ခဲ့ရာ ပထမအဆင့်ရရှိသူ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးဝင်းမြင့်ဦး၊ ဒုတိယအဆင့်ရရှိသူ ပုသိမ်ခရိုင် ခရိုင်တိုင်းရင်းဆေးမှူး ဦးကျော်နိုင်ဦး၊ တတိယ အဆင့် ရရှိသူ ကလေးခရိုင် ခရိုင်းတိုင်းရင်းဆေးမှူး ဒေါ်မြမြခိုင် တို့မှ ရရှိခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ (၁၉-၅-၂၀၁၆)ရက်နေ့တွင် အဆိုပါ သင်တန်းသူ/သားများအား တွေ့ဆုံ၍ ယခုသင်တန်းသည် တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် First course

ဖြစ်သည့် အတွက် ယခုသင်တန်းမှ ရရှိလာသော အတွေ့အကြုံများပေါ်တွင် မူတည်ပြီး Second course တွင် အလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြောင်း၊ အခြားဦးစီးဌာနများအနေဖြင့်လည်း ယခုသင်တန်းကဲ့သို့ ပြုလုပ်နိုင်ကြောင်း၊ Adjustment အနည်းငယ်သာပြုလုပ်ရန်လိုကြောင်းနှင့် Basic principle များမှာ အတူတူပင် ဖြစ်ပါကြောင်း၊ အခြားဦးစီးဌာနများ၌လည်း အသုံးတည့်မည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအား Equipment များ တပ်ဆင်ပေးလိုက်ခြင်းနှင့် တူပါကြောင်း၊ မိမိအနေဖြင့် ယခုသင်တန်းအပြီးတွင် post workshop, post training evaluation ရှိ၊ မရှိ မသိပါကြောင်း နှင့် ယခုသင်တန်းသည် ဌာနဆိုင်ရာရုံးလုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းဆိုသော်လည်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း တစ်ခုဖြစ်ပါကြောင်း၊ သင်တန်းတွင် Categories ၁၀ ခုခန့် ပါဝင်ပြီး အလွန်ကောင်းမွန်ပါကြောင်း၊ သင်တန်း တက်ရောက်သူများတွင် ရာထူးအရ မတူညီမှုများ ရှိနေပါကြောင်း၊ Re-orientated course တွင် ရာထူးအလိုက် Categories များကို ပြန်ခွဲစေလိုကြောင်း၊ သင်တန်းပြီးသောအခါတွင်လည်း Standard operation procedure များပြုလုပ်ပြီး guideline များ ထားရှိရန် လိုအပ်ကြောင်း၊ guideline များကို နေ့စွဲများ ရေးသားထားစေလိုကြောင်း၊ အခါအားလျော်စွာ update ပြန်လုပ်ကာ နေ့စွဲများ ထပ်မံ မှတ်သားစေလိုပါကြောင်း၊ ယင်းမှတစ်ဆင့် ဝန်ကြီးဌာနတစ်ခုလုံးကို အကျိုးပြုနိုင်မှာ ဖြစ်ကြောင်း၊ ကျွမ်းကျင်သောပညာရှင်များအား အဖွဲ့ဖွဲ့ကာ တာဝန်ပေးစေလိုကြောင်း၊ လိုအပ်ပါက ဘဏ္ဍာရေးကဲ့သို့ အခြားဌာနများ၏ အကူအညီကို တောင်းခံစေလိုကြောင်း၊ ဆေးရုံများတွင်လည်း guideline များ ချထားစေလိုကြောင်းနှင့် **"ဤစာအုပ်သည် ဤဌာနပိုင်ပစ္စည်းဖြစ်သည်၊ ယူဆောင်သွားခြင်းမပြုရပါ"** ဟူသည့် မှတ်ချက်များ ရေးသားထား စေလိုကြောင်း ပြောကြားပါသည်။ ထို့ပြင် ယခု သင်တန်းတွင်ပါဝင်သော Categories များသည် အင်မတန်ကောင်းမွန် ပါကြောင်း၊ အခြားဦးစီးဌာနများအနေဖြင့်လည်း ဤကဲ့သို့သင်တန်း ပြုလုပ်ကြစေလိုကြောင်း၊ သင်တန်းတွင် ပါဝင်သော ခေါင်းစဉ်များ အတိုင်း တိုက်ရိုက်ယူခြင်း (သို့မဟုတ်) လိုအပ်ပါက modify ပြန်လုပ် စေလိုကြောင်း--- စသည်ဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။







## "မြန်မာ့တိုင်းရင်းဆေးပညာ အတွေးအခေါ် အယူအဆနှင့် ကုထုံးဆိုင်ရာ အရည်အသွေးမြှင့်သင်တန်း" အမှတ်စဉ်(၁/၂၀၁၆)



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မှကြီးမှူး၍ တိုင်းရင်းဆေးရုံကြီး နေပြည်တော်တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် (၁-၉-၂၀၁၆)ရက်နေ့မှ (၂၄-၉-၂၀၁၆)ရက် အတွင်း ကျင်းပသော **"မြန်မာ့ တိုင်းရင်းဆေးပညာ အတွေးအခေါ်အယူအဆနှင့် ကုထုံးဆိုင်ရာ အရည်အသွေးမြှင့် သင်တန်း"** (၁/၂၀၁၆) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် ပြည်သူ လူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အတွေး အခေါ်အယူအဆမှန်ကန်သည့် အရည်အသွေးမြင့် တိုင်းရင်းဆေး ၏ပညာရှင်များဖြစ်ရန်လိုအပ်ပြီး၊ ရှေးအစဉ် အဆက်က ကောင်းမွန်သော ကုထုံးကုကွက်များ မပျောက်ပျက် ရန်နှင့် ခေတ်မီ နည်းစနစ်များဖြင့် လိုက်လျောညီထွေ စဉ်းစားကြံဆ တွေးခေါ်ကာ သုတေသန လုပ်ငန်းများတွင်လည်း ယခုထက် ဖွံ့ဖြိုးတိုးတက်ရန် အစဉ်အမြဲ လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အခါ အားလျော်စွာ လိုအပ်သောသင်တန်းများဖွင့်လှစ်ပေး၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ် ဆောင်ရွက်ပေးခဲ့ပြီး ယနေ့ ဖွင့်လှစ်သောသင်တန်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကုသရေးဆရာ၊ ဆရာမများကို ကုသရေး စွမ်းရည်ဆိုင်ရာ အရည်အသွေး ပိုမိုမြှင့်တင်နိုင်စေရန်၊ တိုင်းရင်းဆေး သမားတော်ကြီးများ၏ ကုထုံး၊ ကုကွက် အတွေးအခေါ်အယူအဆများကို လေ့လာ သင်ယူနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်သဖြင့် သင်တန်းသားများ ကလည်း ကြိုးစား လေ့လာသင်ယူရန် ပြောကြားခဲ့သည်။



သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ တိုင်းရင်းဆေးပညာဦးစီးဌာနမှူးနှင့် ဒုတိယ-ဦးစီးဌာနမှူး၊ နေပြည်တော် တိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဒုတိယဆေးရုံအုပ်၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက် ကြသည်။ သင်တန်း၏ ကြိုတင်စမ်းသပ်မေးခွန်းများကို နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး၏ သင်တန်း ခန်းမတွင် ပြုလုပ်ရာ သင်တန်းသူ/သင်တန်းသား (၃၁)ဦး တို့မှ ဖြေဆိုခဲ့ကြပါသည်။ တိုင်းဒေသကြီး နှင့်ပြည်နယ်သီးသီးမှ မြို့နယ်တိုင်းရင်းဆေးမှူးများ တက်ရောက် ခဲ့ကြပါသည်။ သင်တန်းတွင် သွေးစမ်းပညာ၊ အနာပေါက် ရောဂါ၊ ပုဂ္ဂလပညတ်ပညာ၊ လေငန်းကုထုံး၊ ဆီးချိုရောဂါကုထုံး၊ အသည်းရောဂါ ကုထုံး၊ မေးရွဲ့ပါးရွဲ့ကုထုံး၊ မီးယပ်ရောဂါကုထုံးစသော တိုင်းရင်းဆေးပညာဘာသာရပ်များကို တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်၊ ဆရာကြီး ဦးသန်းညွန့်၊ ဒေါက်တာနွယ်ဝင်း၊ ဦးသောင်းနိုင်၊ ဦးသောင်းလွင်၊ ဦးမောင်ဉာဏ်၊ ဦးတင့်လွင်၊ ဦး မြင့်အောင်၊ ဦးစန်းလွင်၊ ဦးပြည့်စိန်၊ ဒေါ်ထူးထူး တို့မှ သင်ကြားပို့ချပေးခဲ့ကြပါသည်။ သင်တန်းကို နေပြည်တော် ခုတင်(၁၀၀) တိုင်းရင်းဆေးရုံတွင် (၂၄)ရက်ကြာ ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းဆေးခန်းများမှ မြို့နယ်တိုင်းရင်းဆေးခန်းမှူး နှင့် ဒုတိယ တိုင်းရင်းဆေးမှူးများ စုစုပေါင်း(၃၁)ဦး တက်ရောက်သင်ယူခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို (၂၅-၉-၂၀၁၆) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး

ဦးအောင်သူ က  ပထမဆု၊ ခုတင် ၅၀ ဆံ့ မကွေး တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်နွယ်နီသိမ့် မှ ဒုတိယဆု နှင့် မြင်းမူမြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ် စန္ဒာအောင် တို့ မှ တတိယဆု အသီးသီးကို ရရှိခဲ့ပါသည်။

### ၂၀၁၆ ခုနှစ် ဧပြီ၊မေ၊ဇွန်၊ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း လုပ်ငန်း ဆောင်ရွက်ချက် မှတ်တမ်း အကျဉ်းချုပ် (ဆေးဝါးနှင့်ဥယျာဉ်ဌာနခွဲ)

| စဉ် | လုပ်ငန်းဆောင်ရွက်ချက် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (အသစ်) | ၅၄ | |
| ၂ | တိုင်းရင်းဆေးဝါးမှတ်ပုံတင် (သက်တမ်းတိုး) | ၂၅၅ | |
| ၃ | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (အသစ်) | ၁၂၀ | |
| ၄ | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (သက်တမ်းတိုး) | ၃၄၃ | |
| ၅ | တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် (ဖြည့်စွက်) | ၂၅ | |
| ၆ | ပရဆေးကုန်ကြမ်းထောက်ခံချက် ထုတ်ပေးခြင်း | ၁၂၆ | |
| ၇ | ဈေးကွက်အတွင်းရှိ တိုင်းရင်းဆေးဝါးများအား ကျဘန်းကောက်ယူစစ်ဆေးခြင်း (Post Market Survey) | ၁ | (၃၉၇) မျိုး |
| ၈ | တိုင်းရင်းဆေးဝါးများ Certificate of Free Sale (CFS) ထုတ်ပေးခြင်း | ၂ | |

---

### ၂၀၁၆ ခုနှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ များအတွင်း ခွင့်ပြု ထားသော တိုင်းရင်းဆေးဝါး မှတ်ပုံတင် (အသစ်) ခွင့်ပြုခဲ့သော အုပ်စုဝင်များစာရင်း

| စဉ် | ဆေးအမျိုးအမည် | စုစုပေါင်း |
|---|---|---|
| ၁ | အစာကြေ၊ အစာအိမ်လေနိုင်၊ လေကြေနှင့်လျှက်ဆားအုပ်စု | ၈ |
| ၂ | ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ ပန်းနာလေပူကြွဆေးအုပ်စု | ၂ |
| ၃ | အခိုးပွင့်၊ အဖျား၊ အကိုက်အခဲ၊ သောက်ဆေး၊ ငန်းဆေး၊ မုဆိုးကျော် အုပ်စု | ၁၁ |
| ၄ | အကြောပြေဝမ်းပျော့ဆေး၊ အကြောတက်သောက်ဆေးအုပ်စု | ၆ |
| ၅ | နှလုံး၊ သည်းခြေ၊ အပူငြိမ်းဆေး သွေးဆေးများအုပ်စု | ၂ |
| ၆ | သွေးချို၊ ဆီးချိုအုပ်စု | ၁ |
| ၇ | ဆီး၊ ကျောက်ကပ်ရောဂါသောက်ဆေးအုပ်စု | ၁ |
| ၈ | လိမ်းဆေး၊ ရှူဆေး၊ လိမ်းရှူဆေး၊ Roll-on ဆေးအုပ်စု | ၁၅ |
| ၉ | အခြားအုပ်စုဝင်များ<br>(က) အားဆေး<br>(ခ) အဆီကျဆေး<br>(ဂ) မန်းဆေး- သောက်/လိမ်း<br>(ဃ) နန်းတွင်းလျှာပွတ်ဆေး၊ အဖြေကျော်ဆေး၊ မဟာဖြေဆေး<br>(င) ချက်ဆေး/တေဆေးအုပ်စု<br>(စ) ဆေးပစ္စည်းတစ်မျိုးတည်းဆေးများ(မြစ်ချင်းပြီး)<br>(ဆ) သွားနာ၊ သွားကိုက်ပျောက်ဆေးအုပ်စုဝင်ဆေးများ<br>(ဇ) ဆံပင်သန်ဆေးနှင့်ဝက်ခြံတင်းတိပ်လိမ်းဆေး | ၇<br>၃<br>၃<br>၉<br>၆<br>၉<br>၄<br>၁ |
| | စုစုပေါင်း | ၅၄ |


# တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်များ

၂၀၁၆ ခုနှစ် မတ်လ (၆-၇)ရက် မြန်မာ့အလင်း + ကြေးမုံသတင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန်စဉ်ဆက် မပြတ်စနစ် တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်း ဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင် ထားခြင်းမရှိသောတိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးဝါး ထုပ်ပိုး ပုံစံဖြင့် ထုပ်ပိုးထားပြီး မည်သည့်မှတ်ပုံတင်မှုမရှိဘဲ အနောက်တိုင်းဆေးဝါး ပါဝင်သည်ဟု ဖော်ပြထားသော ဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော် ကြောင်းအသိပေးအပ်ပါသည်။

**(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ (၂၀)မျိုး**



## မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်


